## ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

Message Ten

**သခင်ဘုရား၏ပြန်လည်ရယူခြင်း - ဇီအုန်ကို တည်ဆောက်ရန်**

ဖတ်ရန်ကျမ်း။ ။ ဆာ၊၄၈း၂၊ ၁၁-၁၂။ ၂၀း၂။ ၅၀း၂။ ၅၃း၆က။ ၈၇း၂။ ဗျာ၊၂း၇၊ ၁၁၊ ၁၇၊ ၂၆-၂၈။ ၃း၅၊ ၁၂၊ ၂၀-၂၁

**I. ဇီအုန်သည် ရှင်ဘုရင်ဒါဝိဒ်၏မြို့တော် ဖြစ်ပြီး (၂ရှမွေ၊၅း၇)၊ မြေကြီးပေါ် ဘုရားသခင်၏ကိန်းဝပ်ရာနေရာအဖြစ် ဗိမာန်တော်ကို တည်ဆောက်ထားရာ ယေရုရှလင်မြို့တော်၏ အလယ်ဗဟိုဖြစ်သည် (ဆာ၊၉း၁၁။ ၂း၆။ ၇၄း၂။ ၇၆း၂ခ။ ၁၂၅း၁။ ၁၃၅း၂၁။ ဟေရှာ၊ ၈း၁၈)။**

A. ယေရုရှလင်မြို့သည် အသင်းတော်ကို ပုံဆောင်ပြီး၊ ဇီအုန်သည် အသင်းတော်ရှိ အောင်မြင်သောသူများကို ပုံဆောင်သည်။

1. ဇီအုန်သည် ယေရုရှလင်မြို့၏ ထင်ရှားပေါ်လွင်ရာ၊ သန့်ရှင်းသောမြို့တော်၏ လှပမှု ဖြစ်သည် - ဆာ၊၄၈း၂။ ၅၀း၂။
2. သန့်ရှင်းသောမြို့တော် ယေရုရှလင်၏ ထင်ရှားပေါ်လွင်ရာနှင့် လှပမှုအဖြစ် ဇီအုန်သည် အသင်းတော်၏ အမြင့်ဆုံး အထွတ်အထိပ်၊ အလယ်ဗဟို၊ မြှင့်တင်ရာ၊ ခွန်အားသန်စွမ်းရာ၊ ကြွယ်ဝစေရာ၊ လှပမှုနှင့် စစ်မှန်ခြင်းဖြစ်သည့် အောင်မြင်သောသူများကို ပုံဆောင်သည် - ၄၈း၂၊ ၁၁-၁၂။ ၂၀း၂။ ၅၃း၆က။ ၈၇း၂။
3. ဇီအုန်တောင်ကုန်းသည် သခင်ဘုရားထံသို့ အကြွင်းမဲ့ ဖွင့်ထားပြီး၊ ကိုယ်တော်အားဖြင့် အကြွင်းမဲ့ ပိုင်ဆိုင်ထားသည် - ၂၄း၁၊ ၃၊ ၇-၁၀။

B. ဇီအုန်အဖြစ် အောင်မြင်သောသူများသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်ပြီး၊ ဒေသန္တရအသင်းတော်များ၌ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းကို ပြီးမြောက်ပြည့်စုံစေကာ၊ ထာဝရကာလပတ်လုံး ဘုရားသခင်၏ကိန်းဝပ်ရာအဖြစ် အဆုံးစွန်သောအသန့်ရှင်းဆုံးဌာနဖြစ်သည့် သန့်ရှင်းသောမြို့တော် ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံခြင်းကို ဆောင် ယူလာကြသည် - ဗျာ၊၂၁း၁၆။ ညွှန်း၊ ထွ၊၂၆း၂-၈။ ၁ဘုရင်၊၆း၂၀။

C. အသင်းတော်အသက်တာသည် ယနေ့၏ ယေရုရှလင်ဖြစ်ပြီး၊ အသင်းတော် အသက်တာအတွင်း၌ ယနေ့၏ဇီအုန်အဖြစ် အောင်မြင်သောသူများအုပ်စု ရှိရမည်ဖြစ်သည် - ရော၊၁၂း၄-၅။ ဧ၊၄း၁၆။ ဗျာ၊၂း၇။ ၃း၁၂။

1. ဤအရာက ဒေသန္တရအသင်းတော်များသည် ဘုရားသခင်၏ပန်းတိုင်မဟုတ်ဘဲ၊ ဘုရားသခင်က ကိုယ်တော်၏ပန်းတိုင်သို့ ရောက်ရှိရန် ယူဆောင်သည့် ဖြစ်စဉ်

နည်းလမ်းဖြစ်ကြောင်း ဖွင့်ပြထားသည်။ ဒေသန္တရအသင်းတော်များသည် ကျွန်ုပ် တို့ကို ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအထဲသို့ ကြိုဆိုနေရာချပေးသည်။

2. ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်နိုင်သည့် သခင်ဘုရားပြန်လည်ရယူခြင်း ၏ အမြင့်ဆုံးအထွတ်အထိပ်မှာ ဘုရားသခင်သည် များစွာသောဒေသန္တရ အသင်း တော်များကို ရုပ်ပိုင်းဆိုင်ရာနည်းလမ်း၌ ထုတ်လုပ်ရန်မဟုတ်ဘဲ၊ ကိုယ်တော်၏ ရှင်သန်သောထုံးဖွဲ့မှုဖြစ်စေရန် ရှင်သန်သောကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ဖို့ဖြစ် သည် - ၁ကော၊၁၂း၂၇။ ဧ၄း၁၆။

## II. သခင်ဘုရား၏ပြန်လည်ရယူခြင်းမှာ အဘယ်အရာဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ရမည်ဖြစ်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်းမှာ ဇိအုန်ကို တည်ဆောက်ရန်ဖြစ်သည် ဗျာ၊၁၄း၁။ ဧ၄း၁၆။ ဗျာ၊၂၁း၂၊ ၉-၁၀။

A. ယေရုရှလင်မြို့၏ ဝိသေသလက္ခဏာ၊ အသက်၊ ကောင်းချီးမင်္ဂလာနှင့် တည်မြဲခြင်း တို့မှာ ဇိအုန်မှလာသည် - ၁ဘုရင်၊ ၈း၁။ ဆာ၊၅၁း၁၈။ ၁၀၂း၂၁။ ၁၂၈း၅။ ၁၃၅း၂၁။ ဟေရှာ၊၄၁း၂၇။ ယောလ၊၃း၁၇။

B. ဗျာဒိတ်ကျမ်း၌ သခင်ဘုရားအလိုရှိသောအရာ၊ သခင်ဘုရားတည်ဆောက်လိုသော အရာမှာ ဇိအုန်တည်းဟူသော အောင်မြင်သောသူများဖြစ်သည်။ ဤသည်မှာ ဘုရား သခင်၏ သန့်ရှင်းသောနှုတ်ကပတ်တော်ရှိ ဝိညာဉ်ရေးရာဖွင့်ပြခြင်း၏ ပင်ကိုမူလ စစ်မှန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အမှန်ပင် မည်သည့်အဖိုးအခမဆိုပေး၍ ဖွဲလုံ့လ ရှိစွာ ဆုတောင်းရန်နှင့် တမန် တော်ပေါလုပြသည့်နည်းတူ အဖိုးအခကို ပေးရန် လိုအပ် သည် - ၂း၇၊ ၁၁၊ ၁၇၊ ၂၆-၂၈။ ၃း၅၊ ၁၂၊ ၂၀-၂၁။ ကော၊၄း၂။ ဖိ၊ ၃း၈-၁၄။

C. ဤခေတ်၌ အောင်မြင်သောသူများကို သခင်ဘုရားခေါ်နေခြင်းအား ကျွန်ုပ်တို့ပြန်လည် တုန့်ပြန်ခြင်းသည် ကျွန်ုပ်တို့ရှင်သန် နိုးကြားလာရန်အတွက် ဖြစ်သည်။ ရှင်သန်နိုး ကြားရန်ဟူသည်မှာ ကျွန်ုပ်တို့၏ ရှင်သန်သော၊ ပြုမူလုပ်ဆောင်သော ဘုရားသခင် နှင့်အတူ တစ်လုံးတစ်ဝဖြစ်ခြင်း၌ အသက်ရှင်ခြင်းနှင့် ပြုမူလှုပ်ရှားခြင်းရှိရန်ပင် ဖြစ်သည်။ ကိုယ်တော်၏ထာဝရ စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွဉ် မြေကြီးပေါ် ဘုရားသခင်၏လှုပ်ရှားမှုမှာ အောင်မြင်သောသူများမှတစ်ဆင့် အဆုံးစွန် ပြီးမြောက် ခြင်းဖြစ်သည် - ဒံ၊၁၁း၃၂။ ဟေဗြဲ၊၃း၁၂။ ၉း၁၄။ ညွှန်း၊ ဗျာ၊၃း၁။

D. ဇိအုန်အားဖြင့် ပုံဆောင်ထားသည့် အောင်မြင်သောသူများသည် ကမ်းခြေစောင့်တပ် ဖြစ်ကာ၊ ၎င်းမှတစ်ဆင့် ဘုန်းတော်၏ သခင်ဘုရားသည် မြေကြီးတစ်ပြင်လုံးကို ကိုယ် တော်၏နိုင်ငံတော်အဖြစ် ပိုင်ဆိုင်ရန် ပြန်ကြွလာမည်ဖြစ်သည် - ဆာ၊၂၄း၁၊ ၃၊ ၇-၁၀။ ဒံ၊၂း၃၄-၃၅။ ၇း၁၃-၁၄။ ယောလ၊၃း၁၁။ ဗျာ၊၁၁း၁၅။ ၁၉း၁၃-၁၄။

## ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

E. ဘုရားသခင်၏ထာဝရစီမံကိန်း အထွတ်အထိပ်၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသို့ ရောက်ရှိရန်မှာ ဆုတောင်းခြင်း အားဖြင့်မှလွဲ၍ အခြားမရှိပါ။ ကျွန်ုပ်တို့သည် ခရစ်တော်၏သတို့သမီးဖြစ်ရန် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း အဖြစ် အောင်မြင်သောသူများဖြစ်လာခြင်းမှာ အသင်းတော်ခေတ်ဖြစ်သည့် ဤခေတ်ကို အဆုံးသတ်၍၊ ဘုန်းတော်၏ ရှင်ဘုရင်အဖြစ် ခရစ်တော်အား နိုင်ငံတော်ခေတ်၌ ကိုယ်တော်၏ အောင်မြင်သောသူများနှင့်အတူ ဤမြေကြီးကို သိမ်းယူရန်၊ ပိုင်ဆိုင်ရန်၊ အုပ်စိုးရန် ပြန်ကြွလာစေလိမ့်မည်ဖြစ်သည် - အငယ်၊ ၇-၉။ ၂၀း၄၊ ၆။ ဆာ၊ ၂၄း၇-၁၀။

F. ပေါလု၏ဖေက်သြဝါဒစာစောင်၌ အောင်မြင်သောသူများ၏ အသက်ရှင်ခြင်းကို ဖွင့်ပြထားပြီး၊ သူတို့သည် ရောနှောပေါင်း စည်းထားသည့် ဝိညာဉ်၌ အသက်ရှင်ခြင်းအားဖြင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း၌ အသက်ရှင်သူများဖြစ်သည်။

1. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် ဘုရားသခင့်စီမံကိန်း၌ အမြင့်ဆုံး အထွတ်အထိပ်ဖြစ်ကာ၊ သမ္မာကျမ်းစာ၏ ထိပ်ဆုံး ဖွင့်ပြချက်ဖြစ်ပြီး၊ ပညာနှင့် ဖွင့်ပြခြင်းဝိညာဉ်မှတစ်ဆင့် ဖွင့်ပြခြင်းဖြစ်သည် - ၁း၁၇၊ ၂၂-၂၃။
2. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် ရောနှောပေါင်းစည်းထားသည့် ဝိညာဉ်၌ အသက်ရှင်ခြင်းဖြစ်ကာ၊ ယင်းသည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာ၊ ဘုရားသခင်၏အိမ်တော်၊ ယနေ့၏ဗေသလ၊ ကောင်းကင်တံခါးဝ၊ အသန့်ရှင်းဆုံး ဌာန၊ သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းအဖြစ် သေတ္တာတော်အားဖြင့် ပုံဆောင်ထားသော နျူမက်တစ် ခရစ်တော်၏ကိန်းဝပ်နေရာ ဖြစ်သည် - အငယ်၊ ၁၇။ ၂း၂၂။ ၃း၅၊ ၁၆။ ၄း၂၃။ ၅း၁၈။ ၆း၁၈။ က၊ ၂၈း၁၂-၁၇။ ယော၊ ၁း၅၁။ ဟေဗြဲ၊ ၉း၃-၄။ ၁၀း၁၉-၂၂။
3. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် ယေရှု၌ရှိသော စစ်မှန်ခြင်း၊ ဧဝံဂေလိကျမ်းလေးကျမ်း၌ မှတ်တမ်းတင်ထားသည့် ယေရှု၏အသက်တာ အခြေအနေမှန်ဖြစ်၍၊ ကိုယ်တော်၏များစွာသော အင်္ဂါဝင်များ၌ ပုံတူပွားကာ၊ သူတို့သည် အသစ်ပြုပြင်သောဝိညာဉ်တော်က သူတို့၏အသစ်မွေးဖွားခံရသည့် ဝိညာဉ်နှင့်အတူ ရောနှောပေါင်းစည်းခြင်းအားဖြင့် အသိဉာဏ်အသစ်ပြုပြင်ခြင်းမှတစ်ဆင့် စုံလင်ခံရသော ဘုရား-လူများ၏ စုပေါင်းအသက်ရှင်ခြင်းဖြစ်သည် - ဧ၊ ၄း၁-၆၊ ၁၅-၁၆၊ ၂၀-၂၄။ ဂလ၊ ၂း၂၀။ ဖိ၊ ၁း၁၉-၂၁က။ ၄း၁၁-၁၃။
4. အသင်းတော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ရောနှောပေါင်းစည်းနေသည့် အလှပြင်ပေးသော၊ သတို့သမီးကို ပြင်ဆင်ပေးသော ဝိညာဉ်တော်ဖြင့် ပြည့်ဝနေသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ သန့်ရှင်းသော၊ လှပသော၊ ဘုရား

သခင်ကို ထင်ရှားသော သတို့သမီး၊ အပြစ်အနာအဆာ သို့မဟုတ် မစုံလင်မှု ကင်းမဲ့သော သတို့သမီး ဖြစ်လာနိုင်ကြမည်ဖြစ်သည် - ဧ၅း၁၈၊ ၂၆-၂၇။ ဟေရှာ၊ ၆၀း၇၊ ၁၉။ ၆၂း၃။ ထွ၊၂၈း၂။ ညွှန်း၊ ဆာ၊၂၇း၄။ ၄၈း၂။ ၅၀း၂။ ၁၁၀း၂-၃၊ ၇။ ဟေရှာ၊ ၂၈း၅။ ၆၀း၂၁။ ၆၁း၃။

5. ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး၌ အောင်နိုင်ခြင်း ရှိရန် ကျွန်ုပ်တို့သည် သတ်ဖြတ်သောဝိညာဉ်တော်က ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ရောနှောပေါင်းစည်း နေခြင်းကို တွေ့ကြုံခံစားရမည်ဖြစ်သည်၊ သို့မှသာ ဘုရားသခင့် ရန်ဘက်၏ အရာ ခပ်သိမ်းသည် ကျွန်ုပ်တို့အတွင်း၌ သေစေခြင်းခံရနိုင်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အား ဘုရားသခင်၏စိုးစံခြင်းအတွက် စာတန်၊ အပြစ်နှင့် သေခြင်းတို့အပေါ် ဝိညာဉ် တော်၏ ဘုရားဆိုင်ရာအသက်၌ အုပ်စိုးရန်နှင့် ကျန်းမာသန်စွမ်းသော ကိုယ်ခန္ဓာ တော်အသက်တာ၊ ကျန်းမာသန်စွမ်းသော အသင်းတော်အသက်တာကို အသက် ရှင်ရန် တတ်စွမ်း စေနိုင်မည်ဖြစ်သည် - ဧ၊၆း၁၀-၁၈။ ဆာ၊၄၈း၁၂-၁၃။

**III. အောင်မြင်သောသူများသည် ခရစ်တော်ကို လူ့ဇာတိခံသော သုံးပါးတစ်ပါးဘုရား၊ ဘုရား-လူအဖြစ် မွေ့လျော်ဝမ်းမြောက်ကြပြီး၊ သူတို့၏စိတ်နှလုံးသည် ဇိအုန်သို့ သွားရာလမ်းမ ကြီးများတွင် ရှိနေသည် - "ကိုယ်တော်ကို အားပြုသောသူသည် မင်္ဂလာ ရှိပါ၏။ / ထိုသို့ သောသူတို့သည် ဇိအုန်သို့သွားရာ လမ်းမများကို စိတ်နှလုံး သွင်းတတ်ကြပါ၏။ သူတို့သည် ဗာကာချိုင့်ဝှမ်း၌ လျှောက်သွားစဉ်၊ / ထိုအရပ်ကို စမ်းရေထွက်ရာအရပ် ဖြစ်စေကြပါ၏။ / အရင်မိုးရေလည်း မင်္ဂလာများနှင့် လွှမ်းစေပါ၏။ သူတို့သည် အားတိုးတက်၍ ခရီး သွားလျက်၊ / ဇိအုန်၌ ဘုရားသခင်ထံတော်မှာ မျက်နှာပြကြပါ၏။" - ၈၄း၅-၇။**

A. ချွတ်ခြာခြင်းနှင့် ငိုကြွေးခြင်းများသည် ဘုရားသခင့်အိမ်တော်၏ ချစ်ဖွယ်ကောင်းခြင်း နှင့် လှပခြင်းကို မွေ့လျော်ဝမ်းမြောက် ခြင်းအား ထွက်ပေါ်စေသည် - အငယ်၊၁၊ ၆ နှင့် မှတ်စု ၁[၁] နှင့် ၆[၁]။ ညွှန်း၊ ၇၃း၂၆ နှင့် မှတ်စု ၁။

B. ကျွန်ုပ်တို့ ငိုကြွေးနေကြစဉ်မှာပင် ကျွန်ုပ်တို့သည် ဝိညာဉ်တော်ဖြင့် ဖြည့်ခြင်းခံရကြပြီး၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ထံသို့ စမ်းရေထွက်ရာနှင့် အရင်မိုးဖြစ်လာသည်။ ဇိအုန်သို့ သွားရာလမ်းမကြီးများသည် ယဇ်ပလ္လင်နှစ်ခုနှင့်အတူ ရှိသည့် ဘုရား သခင်၏အိမ် တော်အဖြစ် အသင်းတော်အထဲသို့ ဝင်ရောက်ရန် ကျွန်ုပ်တို့၏ရည်ရွယ်ချက်ကို ပုံဆောင်ပြီး၊ ယင်းသည် ကိုယ်တော်၏တိုးပွားခြင်းအတွက် ဘုရားသခင်၏ကိုယ်ထင် ရှားခြင်းအဖြစ် ခရစ်တော်ဖြစ်သော လူ့ဇာတိခံသည့် သုံးပါးတစ်ပါး ဘုရား၏ အလုပ် ဦးဆောင်ပြီးမြောက်ပြည့်စုံခြင်းကို ပုံဆောင်သည် - ၈၄း၃-၆။

C. ဆာလံ ၈၄း၁၁ တွင် ဘုရားသခင်၏အိမ်တော်၌ ကျွန်ုပ်တို့ကိန်းဝပ်ရခြင်း ကောင်းချီးမင်္ဂလာများမှာ လူ့ဇာတိခံ၍ ပြီးမြောက် ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့အား အသက်ဖြင့်ထောက်မပေးရန် ကျွန်ုပ်တို့၏နေအဖြစ်(ယော၊၁း၄။ ၈း၁၂)၊ ဘုရားသခင်၏ရန်သူမှ ကျွန်ုပ်တို့ကို ကာကွယ်ပေးမည့် ကျွန်ုပ်တို့၏ဒိုင်းလွှားအဖြစ် (ဧ၊၆း၁၁-၁၇)၊ ကျွန်ုပ်တို့မွေ့လျော်ဝမ်း မြောက်မှုအတွက် ကျေးဇူးတော်အဖြစ် (ယော၊၁း၁၄၊ ၁၇)၊ ဘုန်းအသရေ၌ ဘုရားသခင်၏ထင်ရှားပေါ်ထွန်းခြင်းအတွက် ဘုန်းတော်အဖြစ် (ဗျာ၊၂၁း၁၁၊ ၂၃) ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရခြင်းပင် ဖြစ်သည်။

**IV. "ကိုယ်တော်၏ တိုက်မြစ်သည် သန့်ရှင်းသောတောင်များ၌ ရှိပါ၏။ / ယေဟောဝါသည် ... ဇိအုန်တံခါးတို့ကို သာ၍ နှစ်သက်တော်မူ၏" - ဆာ၊၈၇း၁-၂က။**

A. အသင်းတော်ရှိ အောင်မြင်သောသူများကို ပုံဆောင်ချက်အဖြစ် ဇိအုန်သည် ဒေသန္တရ အသင်းတော်များကို ပုံဆောင်သည့် "သန့်ရှင်းသောတောင်များ"၏ အမြင့်ဆုံးအထွတ်အထိပ်ပေါ်တွင် တည်ဆောက်ထားကာ၊ ၎င်း၏တိုက်မြစ်သည် ခရစ်တော်ဖြစ်သည် (အငယ်၊၁)။ ဘုန်းအသရေထင်ရှားသော အရာများကို ပြောထားလျက်ရှိသော (အငယ်၊ ၃) ကောင်းကင်ဆိုင်ရာ ဇိအုန်သည် အောင်မြင်သောသူများအတွက် နားခိုရာ နောက်ဆုံးနေရာဖြစ်လိမ့်မည် (ဗျာ၊၁၄း၁)။

B. ဇိအုန်၏တံခါးများသည် ဝင်လာခြင်းနှင့် ထွက်သွားခြင်းအတွက်ဖြစ်ပြီး၊ မိတ်သဟာယဖွဲ့ခြင်းကို ပုံဆောင်သည်။ ယေရုရှလင်မြို့သစ်သည် တံခါးတစ်ဆယ့်နှစ်ပေါက်ရှိရခြင်းမှာ (၂၁း၁၂၊ ၂၁) ဘုရားသခင်၏သန့်ရှင်းသောမြို့တော်သည် မိတ်သဟာယဖွဲ့ခြင်းနှင့် ပြည့်ဝနေမည်ဖြစ်ကြောင်း ညွှန်ပြနေခြင်းဖြစ်သည်။

C. "ဇိအုန်ကိုမူကား၊ / ဤသူနှင့် ထိုသူတို့သည် သူမ၌ ဖွားမြင်ကြပြီ။ / အမြင့်ဆုံးသောအရှင် ကိုယ်တော်တိုင်သည် ထိုမြို့ကို မြဲမြံစေတော်မူပြီဟု ပြောဆိုကြလိမ့်မည်။ ယေဟောဝါသည် / လူများတို့ကို စာရင်းယူတော်မူသောအခါ၊ / ဤအရှင်သည် ထိုအရပ်၌ ဖွားမြင်သည်ဟု မှတ်တော်မူမည်" (ဆာ၊၈၇း၅-၆)။ တုနှိုင်းရာမဲ့သောအရှင် ခရစ်တော်၊ သန့်ရှင်းသူအားလုံးတို့၏ စုစုပေါင်းဖြစ်သောအရှင် ("ဤသူ" နှင့် "ထိုသူ") သည် သန့်ရှင်းသူအားလုံးဖြစ်တော်မူသော၊ သန့်ရှင်းသူအားလုံး၌ရှိတော်မူသောအရှင် ဖြစ်သည် (ကော၊၃း၁၁)။

D. "ငါ၏စမ်းရေတွင်း ရှိသမျှတို့သည် သင်၌ရှိသတည်း" (ဆာ၊၈၇း၇)။ အီဂျစ်သည် နိုင်းမြစ်ကို ဝါကြွားပါစေ၊ ဗာဗုလုန်သည် ဥဖရတ်မြစ်ကို ဝါကြွားပါစေ။ သူတို့၌ စမ်းရေတွင်းများ မရှိပါ၊ သို့သော် ဇိအုန်၌ ကျွန်ုပ်တို့တွင် ရှိပါသည်။

**V. တက်သွားကြခြင်းသီချင်းများ (ဆာလံ ၁၂၀-၁၃၄) သည် သန့်ရှင်းသူများ၏ အတွေ့အကြုံများနှင့် ချီးမွမ်းခြင်းများ၌ ဇိအုန်နှင့် ယေရုရှလင်၏ အဖိုးထိုက်တန်ခြင်းကို ပြောဆိုထားသည်။**

A. ဆာလံ ၁၃၂ တွင် အောင်မြင်သောသူများနှင့် စပ်လျဉ်း၍ ဇိအုန်သို့ သူတို့တက်သွားကြခြင်း၌ အဖိုးတန်သည့်အချက်ခုနစ် ချက်ကို ဖော်ပြထားသည်။ ဤအချက်များသည် အသင်းတော်အသက်တာ၏ အထွတ်အထိပ်၌ ရှိပြီး၊ ၎င်းတို့သည် ဘုရား သခင့်တော်၏ အမြင့်ဆုံးအထွတ်အထိပ် ဇိအုန်၌ အောင်မြင်သောသူများ၏ အနေအထားကို ပုံဖော်ပြသထားသည် - အငယ်၊၁၃-၁၈။

1. ဘုရားသခင်နှင့်အတူ နားခိုခြင်း - "ဤအရပ်ကား ငါ့အစဉ်အမြဲ နားခိုရာနေရာတည်း" - အငယ်၊၁၄က။
2. ဘုရားသခင်နှင့်အတူ ကိန်းဝပ်ခြင်း - "ငါအလိုရှိသည်ဖြစ်၍၊ ဤအရပ်၌ ငါကိန်းဝပ်မည်" - အငယ်၊၁၄ခ။
3. ကျေနပ်နှစ်သိမ့်ခြင်းအတွက် အစာ - "သူ၏ အစာအဟာရကို အထူးသဖြင့် ကြွယ်ဝစွာ ကောင်းချီးပေးမည်။ / သူ၌ ဆင်းရဲသားတို့ကို မုန့်ဖြင့် ကျေနပ်နှစ်သိမ့်စေမည်" - အငယ်၊၁၅။
4. ဘုန်းထင်ရှားသော ဝတ်ဆင်ခြင်း - "သူ၏ ယဇ်ပုရောဟိတ်တို့ကို ကယ်တင်ခြင်းတန်ဆာကို ဆင်စေသဖြင့်၊ / သူ၌ သစ္စာရှိသောသူတို့သည် ဟစ်ကြွေးသော အသံနှင့် ဟစ်ကြွေးရကြလိမ့်မည်" - အငယ်၊၁၆။ ညွှန်း၊ ထွ၊၂၈း၂။
5. အောင်နိုင်ခြင်း ဦးချို - "ထိုမြို့၌ ဒါဝိဒ်၏ ဦးချိုကို ငါပေါက်စေမည်" - ဆာ၊ ၁၃၂း၁၇က။
6. အလင်းပေးသော မီးခွက် - "ငါ၏ဘိသိက်ခံသောသူအဖို့ မီးခွက်ကို ငါပြင်ဆင်ပြီ" - အငယ်၊၁၇ခ။
7. ထွန်းလင်းသော သရဖူ - "သူ၏ ရန်သူများကို ရှက်ကြောက်ခြင်းနှင့် ငါဖုံးလွှမ်းမည်။ / သူ၏ ဦးရစ်သရဖူသည် ဘုန်း ပွင့်လျက် ရှိလိမ့်မည်" - အငယ်၊၁၈။ ညွှန်း၊ ဟေရှာ၊၆၂း၃။

B. ဆာလံ ၁၃၂ ၌ သရုပ်ဖော်ပြထားသည့်အတိုင်း ဇိအုန်သည် တည်ဆောက်ခြင်းရှိသောအခါ ကျွန်ုပ်တို့သည် အတူစုဝေးနိုင်ကြရာ၊ တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကျွန်ုပ်တို့အတူ ကိန်းဝပ်နေထိုင်နိုင်ရာနေရာ ရရှိကြသည်။ ဤအရာသည် မည်မျှကောင်းမြတ်၍၊ မည်မျှ တင့်တယ်လှပပါသည်တကား - ၁၃၃း၁-၃။

C. "ကောင်းကင်နှင့် မြေကြီးကို ပြုလုပ်တော်မူသော ယေဟောဝါသည် / ဇိအုန်မှ သင့်ကို ကောင်းချီးပေးတော်မူပါစေသော" (၁၃၄း၃)။ အောင်မြင်သောသူအချို့ ရှိသည့်နေရာတိုင်းတွင် ဘုရားသခင်၏ကောင်းချီးမင်္ဂလာ ရှိလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် သူ၏လူမျိုးတော်ကို ဇိအုန်မှ၊ အမြင့်ဆုံးအထွတ်အထိပ်မှ၊ ထိပ်ဆုံးသို့၊ အောင်မြင်သောသူများအနေအထားသို့ ရရှိအောင်မြင်သည့်သူများထံမှ အမြဲပင် ကောင်းချီးပေးလေသည်။ ဤအနေအထားမှ ဘုရားသခင်သည် ကိုယ်တော်၏လူများအားလုံးကို ကောင်းချီးပေးသည်။

**VI. ယနေ့ အသင်းတော်ခေတ်၌ စုံလင်ခံရ၍ ရင့်ကျက်သော ဘုရား-လူများသည် ဇိအုန်၊ အောင်မြင်သောသူများ၊ အသင်းတော်များ အတွင်းရှိ နိုးကြားသောအုပ်စုများ ဖြစ်ကြသည်၊ သို့သော် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ယေရုရှလင်မြို့သစ်တစ်ခုလုံးသည် ယုံကြည်သူများအားလုံး အောင်မြင်သောသူများဖြစ်ခြင်းနှင့်အတူ ဇိအုန် (ဗျာ၊၂၁း၁၆) ဖြစ်လာကြလိမ့်မည်ဖြစ်သည် - အငယ်၊၇ နှင့် မှတ်စု ၁။**